PDF-XChange Viewer
Click to buy NOW!
www.docu-track.com



မြန်မာ့နိုင်ငံရေးသမိုင်းလေ့လာချက်

# တတိယအကြိမ်မြောက် တိုင်းပြည်ပြုလွှတ်တော်ညီလာခံ

တင်နိုင်တိုး

တတိယအကြိမ်မြောက်တိုင်းပြည်ပြုလွှတ်တော်ညီလာခံကို ၁၅ စက်တင်ဘာ ၁၉၄၇ မှ ၂၄ စက်တင်ဘာ ၁၉၄၇ အထိ ၁၀ ရက်ကြာကျင်းပခဲ့သည်။ ယင်းတတိယညီလာခံမှ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြုခဲ့ရာအရေးကြီးသော ညီလာခံတစ်ရပ်ဟု ဆိုနိုင်ပါသည်။ တိုင်းပြည်ပြုလွှတ်တော်ညီလာခံများကို ဇွန်လမှ စက်တင်ဘာလအထိ လေးလတာကာလအတွင်း သုံးကြိမ်တိုင်ခေါ်ယူကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အပြီးသတ်ရေးဆွဲအတည်ပြုခဲ့ကြခြင်းဖြစ်သည်။

### အရိုအသေပြု

၁၅စက်တင်ဘာ၁၉၄၇ညီလာခံမစမီနံနက်၁၀နာရီအချိန်တွင် တိုင်းပြည်ပြုလွှတ်တော်အဆောက်အအုံရှေ့ရှိ အာဇာနည်ကျောက်တိုင်၌ လွှတ်တော်ဥက္ကဋ္ဌညောင်ရွှေစော်ဘွားကြီးနှင့်လွှတ်တော်အတိုင်ပင်ခံအရာရှိဦးချန်ထွန်းတို့ကအရိုအသေပြုကြသည်။ မိုးတစ်ဖွဲဖွဲရွာနေသည့်အကြားမှ ထီးမပါဘဲ အလေးပြုခဲ့ကြရာ အဝတ်အစားများစိုရွှဲကုန်သဖြင့် လဲလှယ်နေကြရ၍လွှတ်တော်ညီလာခံကို ၁၁ နာရီ၂၀မိနစ်တွင်မှစတင်နိုင်ခဲ့သည်။

### တက်ရောက်ကြသူများ

တတိယအကြိမ်မြောက်တိုင်းပြည်ပြုလွှတ်တော်ညီလာခံသို့တက်ရောက်လာကြသူများအနက် မော်ကွန်းမှတ်တမ်းစာအုပ်တွင်လက်မှတ်မထိုးရသေးသော အမတ်ဒေါ်ခင်ညွှန့်(သခင်မြ၏ဇနီး)နှင့်ဗိုလ်လင်းတို့နှစ်ဦးက လက်မှတ်ရေးထိုးကြသည်။အမတ်ဒေါ်ခင်ညွှန့်အား ဗိုလ်ချုပ်အောင်ဆန်းကတော်ဒေါ်ခင်ကြည်ကတွဲ၍ခေါ်လာရာ လမ်းတစ်လျှောက်မျက်ရည်သုတ်လျက် လိုက်ပါလာခဲ့၏။

လွှတ်တော်ညီလာခံသို့တက်ရောက်ရန်ပျက်ကွက်ခဲ့ကြသူများမှာ ဦးထွန်းစိန်(မိတ္ထီလာ)၊ဗိုလ်ဘလှိုင်(သံတွဲ)၊ဦးမြမောင်၊သခင်စု(ရွှေဘိုအနောက်)၊ ဦးထွန်းဝင်း(စစ်တွေအလယ်)တို့ဖြစ်ကြသည်။

### ဖွဲ့စည်းပုံမူကြမ်း

မြိတ်ကျေးလက်အမတ်ဝန်ကြီးချုပ်သခင်နုက နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းကို အချောရေးဆွဲရေးကော်မတီကပြုပြင်ထားသည့်မူအတိုင်းတင်သွင်းခဲ့သည်။ ယင်းသို့ တင်သွင်းရာ၌ အင်္ဂလိပ်စာမူကို ပြင်ဆင်ပေးသူဆာဘီအင်ရောင်း၊ မြန်မာဘက်မှအချောသတ်ပေးခဲ့ကြသူဝတ်လုံတော်ရဆာမောင်ကြီး၊ တရားဝန်ကြီးဦးအေးမောင်၊ မြန်မာစာကထိကဦးဝန်၊ အင်္ဂလိပ်စာကထိကဦးမျိုးမင်း၊ အင်္ဂလိပ်ဘာသာဥပဒေကို ပြင်ဆင်ပေးသူဆာမြဘူး၊ တရားဝန်ကြီးချုပ်ဆာဘဦး၊ မစ္စတာရာချစ်တို့အား ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

### နိုင်ငံတော်သီချင်း

မြောင်းမြအရှေ့ပိုင်းအမတ် ဝန်ကြီးသခင်တင်က နိုင်ငံတော်အလံ၊ သီချင်းနှင့်တံဆိပ်ကော်မတီ၏အစီရင်ခံစာကိုတင်သွင်းခဲ့ရာ၌ အမျိုးသားသီချင်းကို လွှတ်တော်အမတ်များအကဲဖြတ်နိုင်ရန်အတွက် တီးမှုတ်ပြသရန်စီစဉ်ထားကြောင်း၊သို့သော် လွှတ်တော်ညီလာခံကျင်းပစဉ်အတွင်း သီဆိုရန်မသင့်တော်သဖြင့် အစည်းအဝေးကို ခေတ္တရပ်သိမ်းခွင့်ပြုစေလိုကြောင်း လွှတ်တော်ဥက္ကဋ္ဌ



လွှတ်တော်ဥက္ကဋ္ဌစဝ်ရွှေသိုက်

ထံ လျှောက်တင်ခဲ့သည်။ခွင့်ပြုချက်ရရှိသောအခါ တူရိယာအဖွဲ့သားများခန်းမတွင်းသို့ဝင်ရောက်လာကာ နိုင်ငံတော်သီချင်းကို သီဆိုတီးမှုတ်ကြရာ သီချင်းရပြီးသားအမတ်များကတီးတိုးလိုက်ဆိုကြသည်။ ထိုစဉ်အသံလွှင့်ဌာနမှဓာတ်ပြားသွင်းယူခဲ့သည်။ ယင်းနောက်လွှတ်တော်ညီလာခံကို ဆက်လက် ကျင်းပခဲ့ရာ နံနက်၁၁ နာရီ၄၅ မိနစ်တွင် ပထမနေ့အစီအစဉ်ကို ရပ်သိမ်းခဲ့သည်။

### ဖွဲ့စည်းပုံဆွေးနွေး

ညီလာခံဒုတိယနေ့(၁၆စက်တင်ဘာ၁၉၄၇)တွင် တိုင်းပြည်ပြုလွှတ်တော်ညီလာခံသို့ သုံးကြိမ်ဆက်တိုက်မတက်ရောက်ခဲ့သည့်အမတ်စောသိန်းနှင့်ဦးဘီတူရယ်တို့နှစ်ဦးအား ပါလီမန်အမတ်များအဖြစ်မှ ရပ်စဲခဲ့သည်။ ယင်းနောက်ဝန်ကြီးချုပ်ကိုယ်စားဝန်ကြီးသခင်တင်က အချောသပ်ထားသောဖွဲ့စည်းပုံမူကြမ်းကို ဆွေးနွေးရန်တင်သွင်းခဲ့ရာ ပုဒ်မအလိုက်ဝိုင်းဝန်းဆွေးနွေးအတည်ပြုခဲ့ကြသည်။ ပြင်ဆင်ချက်တင်ထားသောပုဒ်မများကိုမူ ချန်လှပ်ထားခဲ့ကြသည်။

### တက္ကသိုလ်အမတ်များ

တတိယနေ့(၁၇စက်တင်ဘာ၁၉၄၇)တွင် တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့အတွက်လွှတ်တော်အမတ်၅ဦးကို အများသဘောတူတင်မြှောက်ခဲ့ကြရာ မိုးမိတ်စော်ဘွားကြီး(တောင်တန်းဒေသဆိုင်ရာဝန်ကြီး)၊စောနော်တင်ဘွား(ကျိုက္ခမီကျေးလက်အနောက်)၊ဗိုလ်ထွန်းလင်း(ပုသိမ်မြို့မ)၊ဦးခင်မောင်လတ်(မြောင်းမြကျေးလက်အနောက်)နှင့် ဦးကျော်မြင့်(သရက်မြို့အနောက်)တို့ ရွေးချယ်ခံခဲ့ကြရ၏။

### ရသုံးခန့်မှန်းခြေစာရင်း

ညီလာခံတတိယနေ့၌ပင် ဖျာပုံတောင်ပိုင်းအမတ်ဦးဝင်းက ၁၉၄၇ ခုနှစ်အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ရသုံးခန့်မှန်းခြေစာရင်းကို လျှို့ဝှက်ဆွေးနွေးလိုပါသဖြင့် သတင်းစာဆရာများခေတ္တအပြင်ထွက်ပေးကြရန် မေတ္တာရပ်ခံသည်။သို့ဖြင့် ညီလာခံသို့တက်ရောက်လာကြသည့်သတင်းစာဆရာများ ခန်းမအပြင်သို့ထွက်ပေးကြရသည်။ဆွေးနွေးပြီးချိန်တွင်မှ ပြန်လည်ဝင်ခွင့်ပြုခဲ့သည်။

### ဗမာ့ခေတ်သတင်းစာ

လွှတ်တော်အမတ်များ၏ရသုံးခန့်မှန်းခြေစာရင်းကိစ္စလျှို့ဝှက်ဆွေးနွေးမှုများကို မည်သို့မည်ပုံသတင်းရယူခဲ့သည်မသိ။(၁၈-၉-၁၉၄၇) ထုတ်ဗမာ့ခေတ်သတင်းစာ၌ "အလိုလေးဘုရား-တယ်များလှပါကလား" ခေါင်းစဉ်ဖြင့် လွှတ်တော်ဆုံးဖြတ်ချက်သတင်းကို ထည့်သွင်းဖော်ပြခဲ့သည်။ သို့ဖြင့် ယင်းနေ့ညီလာခံစတုတ္ထအစည်းအဝေး၌ အမတ်ဦးဘသီက သတင်းလည်းမမှန်၊ ဝေဖန်မှုမှာလည်းမှားယွင်း၍ လွှတ်တော်၏ဂုဏ်သိက္ခာကို ထိခိုက်သည်ဆိုကာ ဗမာ့ခေတ်သတင်းစာအပေါ် ဥက္ကဋ္ဌကသင့်လျော်သလိုအရေးယူပေးပါရန် အဆိုတင်သွင်းခဲ့ရာ သခင်သာခင်(ပဲခူး)က ထောက်ခံခဲ့သည်။

### ဦးချန်ထွန်း၏ ဆုံးဖြတ်ချက်

လွှတ်တော်အတိုင်ပင်ခံဦးချန်ထွန်းက ယင်းကိစ္စနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ရာတွင်(၁)လျှို့ဝှက်သောအစည်းအဝေးမှတ်တမ်းနှင့်ပတ်သက်၍ရေးသားဖော်ပြကြေညာခြင်း(၂) အဖြစ်အပျက်မှန်ကိုမထည့်သွင်းဘဲမှားယွင်းချွတ်ချော်စွာ ရေးသားဖော်ပြခြင်း(၃)ထိုမှားယွင်းသောအဖြစ်အပျက်ကိုအခြေပြု၍ မတရားဝေဖန်ထားခြင်းစသည့် ပြစ်ချက်များကို သတင်းစာကကျူးလွန်ခဲ့၍ လွှတ်တော်ဂုဏ်သိက္ခာနှင့်အခွင့်အရေးတို့ကို ထိခိုက်ရကြောင်း၊ သို့ဖြစ်၍(၁)ဗမာ့ခေတ်သတင်းစာကိုယ်စားလှယ်အား ဤလွှတ်တော်ဧည့်သည်ဆောင်မှ ယခုချက်ချင်းထွက်သွားရန်(၂)ကျွန်ုပ်နှင့်တကွ ဤလွှတ်တော်အား ကျေနပ်အောင်တောင်းပန်၍ အဆိုပါရေးသားချက်ကို ရုပ်သိမ်းရန်(၃)အကယ်၍ ကျေနပ်အောင်တောင်းပန်ခြင်း၊ ရုပ်သိမ်းခြင်းမပြုပါက ထပ်မံအရေးယူရန် ကျွန်ုပ်က အမိန့်ချမှတ်လိုက်ကြောင်း" ဟူ၍ ဖော်ပြပါရှိပါသည်။



ဗမာ့ခေတ်

ဘုရင်ခံနှင့်ဗိုလ်ချုပ်တွေ့ပြီးပြီ

လွတ်လပ်ရေးအကြိုကာလမြန်မာ့နိုင်ငံရေးလောကတွင် ထင်ရှားခဲ့သည့် ဗမာ့ခေတ်သတင်းစာ

### အမတ်နေရာကိစ္စ

ညီလာခံပဉ္စမနေ့(၁၉စက်တင်ဘာ၁၉၄၇)တွင် ဖွဲ့စည်းအုပ်ချုပ်ပုံဒုတိယဇယားနှင့်ပတ်သက်၍ ဆွေးနွေးစဉ် မြောင်းမြကရင်အမတ်မန်းကံအေးက လူမျိုးစုလွှတ်တော်အမတ် ၁၂၅နေရာတွင် ရှမ်းတိုင်းရင်းသားအား ၂၅နေရာပေး၍ ကရင်တိုင်းရင်းသားအတွက် ၂၄နေရာသာပေးထားပုံကို မေးမြန်းခဲ့သည်။အတိုင်ပင်ခံအရာရှိဦးချန်ထွန်းက ရှမ်းတိုင်းရင်းသားများအတွက် ၂၅နေရာပေးခြင်းမဟုတ်ဘဲ မူလ ကရင်နီ(ကယား) ၄နေရာမှဖယ်ထွက်သွားသော မိုးဗြဲနယ်ကို ပဒေသရာဇ်ရှမ်းနယ်အတွင်း ထည့်သွင်းထားသဖြင့် ၂၅နေရာဖြစ်နေရကြောင်း၊အကယ်၍ မိုးဗြဲနယ်ကရင်နီ(ကယား)အတွင်းပြန်လည်ရောက်ရှိလျှင် ရှမ်း၂၄နေရာ၊ကရင်နီ(ကယား)၄နေရာ ဖြစ်သွားမည်ဖြစ်ကြောင်း၊ကရင်အနီ(ကယား)၊အဖြူပေါင်းလျှင် ၂၈နေရာဖြစ်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

### ကရင်နီ(ကယား)အမတ်

ညီလာခံကို စနေ၊တနင်္ဂနွေနှစ်ရက်နားပြီး ၂၂စက်တင်ဘာ၁၉၄၇ နံနက်၁၁နာရီတွင် ပြန်လည်စတင်ခဲ့သည်။ထိုနေ့တွင် လွှတ်တော်ဥက္ကဋ္ဌညောင်ရွှေစော်ဘွားကြီးအား နာယကအဖြစ် တင်မြှောက်ခဲ့သည်။အထူးဧည့်ခန်းတွင် အမေရိကန်သံအမတ်ဟောင်းမစ္စတာပက်ကား၊တရုတ်ပြည်သံအမတ်ဟောင်းဦးမြင့်သိန်းတို့ တက်ရောက်နားထောင်ခဲ့ကြသည်။ ကရင်နီ(ကယား)အမတ်သစ်နှစ်ဦးဖြစ်သော ဦးစိန်နှင့်ဦးအေးမြလေးတို့တက်ရောက်ကာ မော်ကွန်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြရာ အမတ်များက ဝိုင်းဝန်းလက်ခုပ်ဩဘာပေးခဲ့ကြသည်။ ဤတစ်ကြိမ်မှာ တိုင်းပြည်ပြုလွှတ်တော်သို့ ကရင်နီ(ကယား)အမတ်များ ပထမဆုံးအဖြစ်တက်ရောက်လာခဲ့ကြခြင်းဖြစ်သည်။

### ဥက္ကဋ္ဌမိန့်ခွန်း

ညီလာခံ၌လွှတ်တော်ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားခဲ့ရာတွင် ကရင်နီ(ကယား)အမတ်နှစ်ဦးတက်ရောက်လာခြင်းမှာ အလွန်နိမိတ်ကောင်းသောလက္ခဏာဖြစ်ကြောင်း၊ယခင်က ပြည်ထောင်စုသဘောမသက်ဝင်ဘဲ ယခုစုံလင်သွားပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ကရင်နီ(ကယား)အမတ်သစ်နှစ်ဦးကမိမိတို့နယ်ပယ်နှင့်သက်ဆိုင်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါကိစ္စရပ်များကို ဆွေးနွေးနိုင်ရန် ယင်းကိစ္စများအားနောက်တစ်နေ့တွင် ဆွေးနွေးမည်ဖြစ်ကြောင်းတင်ပြခဲ့သည်။

### အလံ၊ သီချင်းနှင့် တံဆိပ်

ဝန်ကြီးသခင်တင်က အလံ၊ သီချင်းနှင့်တံဆိပ်ကော်မတီအစီရင်ခံစာကို တင်သွင်းခဲ့ရာ ဝန်ကြီးဗိုလ်ဖိုးကွန်းက ထောက်ခံခဲ့သည်။ နိုင်ငံတော်သီချင်းကို အင်္ဂလိပ်မြန်မာကပြားအမတ်အေရီးဗားစ်က ဆိုပြရန် တောင်းပန်ရာ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ဦးခင်မောင်လေး၊ မြန်အောင်ဦးတင်တို့က သီဆိုပြသခဲ့သည်။ အများသဘောတူညီချက်ဖြင့် နိုင်ငံတော်အလံ၊ သီချင်းနှင့် တံဆိပ်တို့ကို ၂၂ စက်တင်ဘာ ၁၉၄၇ တွင် အတည်ပြုခဲ့သည်။

### နောက်ဆုံးနေ့

ညီလာခံနောက်ဆုံးနေ့ဖြစ်သော ၂၄ စက်တင်ဘာ ၁၉၄၇ တွင် တိုင်းပြည်ပြုလွှတ်တော်ညီလာခံ၌ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြုပေးရန် သခင်နုက အဆိုတင်သွင်းခဲ့သည်။ သခင်နုက " တရားမျှတသော စီးပွားရေးအခြေအနေသို့ ပြောင်းရမည်။ မွေးကတည်းကလူတန်းစေ့အောင်မနေခဲ့ရဖူးသော လူထုကြီး လူတန်းစေ့နေနိုင်အောင်လုပ်ကြရမည်။ ဗမာပြည်ကြီးလွတ်လပ်တယ်ဆိုတာ ဗမာလူထုကြီးပါလွတ်လပ်ပါမှ အဓိပ္ပာယ်ရှိနိုင်ပါလိမ့်မယ်" စသည်ဖြင့် ပြောကြားခဲ့သည်။ယင်းနောက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုတစ်ခဲနက်ထောက်ခံကာ"အောင်ပြီ၊အောင်ပြီ" ဟုကြွေးကြော်လျက် ညီလာခံကို ရုပ်သိမ်းခဲ့ကြသည်။

### *ကျမ်းကိုး*

၁။ တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ အခြေခံဥပဒေ(ဒုတိယတွဲ)
၂။ တိုင်းပြည်ပြုလွှတ်တော်သတင်းများ (မြန်မာ့အလင်းသတင်းစာ၊ ၁၉၄၇ စက်တင်ဘာ)





*စာမျက်နှာ (၂၃) မှအဆက်*

လမ်းမျိုးစုံနှင့်အသက်မွေးကြရသည်။ ထိုအသက်မွေးမှုမျိုးစုံတွင် ပညာနှင့်အသက်မွေးရခြင်းသည် အကောင်းဆုံးဟုဆိုသည်။ အတတ်ပညာဟုဆိုသည့်အတိုင်း အတတ်တိုင်းမှာတော့ သူ့ဟာနှင့်သူ ပညာပါရသည်။ သာမန်လူက ဆိုက္ကားတက်နင်းလို့မရသလို မြင်းလှည်းတက်မောင်းလို့လည်းရမည်မဟုတ်ပေ။ သို့ရာတွင် ဤ၌ အသိပညာကို ဆိုလိုသည်။

ဤနေရာ၌ အဋ္ဌကထာဖွင့်တာက "နှစ်ဘက်မြင်ပုဂ္ဂိုလ်တို့၏အသက်မွေးခြင်း"ဟု ဖွင့်သည်။ နှစ်ဘက်ဟူသည် ပစ္စုပ္ပန်ဘဝက တစ်ဘက်နှင့် တမလွန်ဘဝကတစ်ဘက်၊ နှစ်ဘက်လုံးမြင်ရသည်။သို့မဟုတ် သူ့ဘက်၊ ကိုယ့်ဘက်၊ နှစ်ဘက်လုံးမြင်ရသည်။ သူ့ ဖို့၊ ကိုယ့်ဖို့၊ နှစ်ဖို့လုံးမြင်ရသည်။ ထိုသို့နှစ်ဖက်၊ နှစ်ဖို့ မျှကြည့် မျှမြင်သူသည် နှစ်ဘက်မြင်ဖြစ်သည်။ ပစ္စုပ္ပန်၊ တမလွန်၊ သူဖို့၊ ကိုယ့်ဖို့မျှ၍မြင်မှ၊ ကြည့်မှသိမှပညာဖြစ်သည်။ ထို ပညာမျိုးနှင့် အသက်မွေးရခြင်း၊ အသက်ရှင်ရခြင်းသည်အကောင်းဆုံးဖြစ်သည်။

အားလုံးခြုံ၍ ပြောရလျှင် မသိမှုက ကောင်းတာရှိသလို၊ သိမှုက ကောင်းတာလည်းရှိသည်။ စိတ်ညစ်စရာ၊ စိတ်ဆင်းရဲစရာ၊ အကုသိုလ်ဖြစ်မည့် အရာမျိုးဆိုလျှင် မသိမှုက ကောင်းသည်။ ကျန် လောကမြဲဗဟုသုတရဖွယ်ရာမျိုးကိုတော့ သိမှုကကောင်းသည်။သိတာက ကောင်းသည်ဟု ဆိုရမည်သာဖြစ်သည်။